# မြန်မာစစ်အုပ်စုကို ပံ့ပိုးနေသည့် ပြင်သစ်ဘဏ် ၅ ခုနှင့် ပင်စင်ရံပုံငွေတစ်ခုကို အစီရင်ခံစာသစ်တွင်ဖော်ပြ

**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၆ရက်၊ ပဲရစ်မြို့ သတင်းထုတ်ပြန်ချက်။** နာမည်ကြီး ပြင်သစ်ဘဏ် ၅ ဘဏ် နှင့် ပင်စင်ရံပုံငွေအဖွဲ့အစည်းတစ်ခုတို့သည် မြန်မာနိုင်ငံအတွင်း စစ်အာဏာသိမ်းကြိုးပမ်းမှု နှစ်နှစ်ကျော်ကာလ၊ မြန်မာ့စစ်ရာဇဝတ်ဂိုဏ်းတွင် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများအကြောင်း Justice For Myanmar နှင့် BankTrack တို့၏ ထုတ်ပြန်ချက် တွင် ဖော်ထုတ်ခံရပြီးနောက် နှစ်နှစ်နောက်ပိုင်း မြန်မာစစ်အုပ်စုနှင့် ဆက်နွှယ်သည့် ကုမ္ပဏီ ၂၂ ခုတို့က ဆက်လက်ရင်းနှီးမြှုပ်နှံနေကြောင်း Info Birmanie, BankTrack နဲ့ Justice for Myanmar တို့က ယနေ့အစီရင်ခံစာတစ်စောင် ထုတ်ပြန်လိုက်သည်။ စစ်အုပ်စုက စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို ကျူးလွန်နေကြောင်း စွပ်စွဲခံထားရသည်။

ALTSEAN-Burma၊ FIDH နှင့် နယ်စည်းမခြားသတင်းထောက်များအဖွဲ့များက လက်မှတ်ရေးထိုးထောက်ခံထားသည့် ၎င်းအစီရင်ခံစာတွင် Crédit Agricole၊ La Banque Postale၊ BPCE Group၊ BNP Paribas၊ Société Générale နှင့် Fonds de Réserve တို့၏ ရင်းနှီးမြှုပ်နှံမှုများမှာ အမေရိကန်ဒေါ်လာ ၆ ဘီလီယံ ပမာဏရှိပြီး၊ ထိုပမာဏ၏ ၇၅ ရာခိုင်နှုန်းသည် ရုပ်ကြွင်းလောင်စာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံထားကြောင်း ဖော်ထုတ်ထားပါသည်။ စစ်အုပ်စုထံ စစ်လက်နက်များရောင်းချသည့် ကုမ္ပဏီများနှင့် စစ်အုပ်စု၏ စောင့်ကြည့်ထောက်လှမ်းရေးစွမ်းရည်ကို မြှင့်တင်ပေးသည့် ဆက်သွယ်ရေးနည်းပညာကဏ္ဍတွင် လုပ်ကိုင်နေကြသော ကုမ္ပဏီများတွင်လည်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ Credit Agricole သည် အမေရိကန်ဒေါ်လာ ၄ ဘီလီယံ ရင်းနှီးမြှုပ်နှံပြီး ရင်းနှီးမြှုပ်နှံမှုအများစုကို ပိုင်ဆိုင်ထားပါသည်။

အဆိုပါ ဘဏ္ဍာရေးအဖွဲ့အစည်းခြောက်ခုတွင် အစုရှယ်ယာရှင်များဖြစ်ကြသည့် ကုမ္ပဏီများကို အမျိုးအစား နှစ်မျိုး ခွဲထားသည်။ ပထမအမျိုးအစားတွင် မြန်မာစစ်တပ် သို့မဟုတ် အာဏာသိမ်းကြိုးပမ်းမှုမတိုင်မီ မြန်မာစစ်တပ်က ထိန်းချုပ်ထားသည့် ကုမ္ပဏီများနှင့် ကာလကြာရှည်တိုက်ရိုက်ဆက်ဆံရေးရှိသော ကုမ္ပဏီများကို ထည့်သွင်းထားပြီး၊ ဒုတိယအမျိုးအစားတွင် ၂၀၂၁ ခုနှစ်၊

With the support of :

ဖေဖော်ဝါရီလ ၁ရက်နေ့ စစ်အာဏာသိမ်းကြိုးပမ်းမှု နောက်ပိုင်း စစ်အုပ်စု၏ ထိန်းချုပ်မှုအောက်ရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကုမ္ပဏီများနှင့် တိုက်ရိုက် စီးပွားရေးဆက်နွှယ်မှုရှိသည့် ကုမ္ပဏီများကို ထည့်သွင်းထားသည်။

အစီရင်ခံစာတွင် သတင်းထောက် ၇၀ ကို ထောင်သွင်းအကျဉ်းချထားခြင်း၊ သတင်းလွတ်လပ်ခွင့် အပေါ် အခြားသော ပြင်းထန်သည့် ကန့်သတ်ချက်များအပါအဝင် မြန်မာနိုင်ငံတွင် စနစ်တကျ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လုံ့ဆော်နိုင်ရန် ဤ ရင်းနှီးမြှုပ်နှံမှုများနှင့် ချိတ်ဆက်မှုက မီးမောင်းထိုးပြထားသည်။

Crédit Agricole သည် ၂၀၂၁ ခုနှစ် အာဏာသိမ်းကြိုးပမ်းမှုစကတည်းက မြန်မာစစ်အုပ်စုဆီ စစ်လက်နက်ပစ္စည်းများရောင်းချမှုတွင် ပါဝင်ပတ်သက်နေသည့် အိန္ဒိယနိုင်ငံ၏ နိုင်ငံပိုင် Bharat Electronics Limited (BEL) တွင် ရင်းနှီးမြှုပ်နှံထားကြောင်း ဖော်ပြထားသည်။ BEL သည် Thalès Group ၏ ဦးဆောင်မိတ်ဖက်ကုမ္ပဏီလည်းဖြစ်သည်။

ယခုတွေ့ရှိချက်များကို ပြင်သစ်-အိန္ဒိယ မိတ်ဖက်ဆက်ဆံရေး ၂၅ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနား၏ အစိတ်အပိုင်းအနေဖြင့် ပါရီမြို့တွင် ကျင်းပမည့် ဇူလိုင် ၁၄ ရက် Bastille Day စစ်ရေးပြအခမ်းအနားတွင် အိန္ဒိယဝန်ကြီးချုပ် Narendra Modi ကို ဂုဏ်ပြုဧည့်သည် အဖြစ် ကြိုဆိုရန် ပြင်ဆင်နေချိန်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

စစ်အုပ်စုထံ စစ်လက်နက်နှင့် နည်းပညာရောက်ရှိစေရေး ပြင်သစ်အဖွဲ့အစည်းများက ငွေကြေးကူညီ နေခြင်းကို ကာကွယ်တားဆီးရန် ယခုတွေ့ရှိချက်များအရ ပြင်သစ်ရင်းနှီးမြှုပ်နှံမှုများနှင့် ကာကွယ်ရေးနယ်ပယ်ရှိ အိန္ဒိယနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့ကြား မိတ်ဖက်ဆောင်ရွက်မှုများကို အသေးစိတ် စစ်ဆေး စုံစမ်းသင့်ပါသည်။

အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း စစ်အုပ်စုထံ စက်ကိရိယာပစ္စည်းများ လွှဲပြောင်းပေးအပ်မှုများ အတွက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် Tom Andrews မကြာသေးမီက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် အသေးစိတ် ဖော်ပြထားသည့် Sinotruk Hong Kong Ltd တွင်လည်း Crédit Agricole က ရင်းနှီးမြှုပ်နှံထားသည်။[1]

Crédit Agricole၊ Groupe BPCE၊ BNP Paribas၊ Banque Postale နှင့် Fonds de Réserve pour les retraites တို့က ဂျပန်ကုမ္ပဏီ KDDI နှင့် ၎င်း၏ မိတ်ဖက် Sumitomo ကော်ပိုရေးရှင်းတို့တွင်လည်း ရှယ်ယာများ ပိုင်ဆိုင်ထားသည်။ ဆက်သွယ်ရေးကဏ္ဍမှ အဆိုပါ ကုမ္ပဏီများသည် မြန်မာ့စာတိုက်နှင့် ဆက်သွယ်ရေးလုပ်ငန်း (MPT) နှင့် ၎င်းတို့၏ ဖက်စပ်လုပ်ငန်းများမှ တဆင့် စစ်အုပ်စုနှင့် စီးပွားရေး ဆက်လက်လုပ်ဆောင်နေပြီး၊ စစ်အုပ်စု၏ စောင့်ကြည့်ထောက်လှမ်းရေး စွမ်းရည်ကို ပံ့ပိုးကူညီနေပါသည်။

အစီရင်ခံစာတွင် အဆိုပါဘဏ် ၅ ခုနှင့် ပင်စင်ရံပုံငွေအဖွဲ့အစည်းတစ်ခုတို့အနေဖြင့် ပြင်သစ်နိုင်ငံ၏ 2017 Duty of Care Law နှင့် စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းများအရ ၎င်းတို့၏တာဝန်ဝတ္တရားများကို လိုက်နာလုပ်ဆောင်ကြရန် တောင်းဆိုထားပါသည်။ ဘဏ္ဍာရေး အဖွဲ့အစည်းများအနေဖြင့် ပထမအမျိုးအစားအုပ်စုတွင် ပါဝင်သည့် ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံမှုများကို တာဝန်ယူမှုရှိစွာ ချက်ချင်းနုတ်ထွက်ရန်နှင့် ဒုတိယအမျိုးအစားအုပ်စုတွင် ပါဝင်သည့် ကုမ္ပဏီများအနေဖြင့် စစ်အုပ်စုအတွက် ပံ့ပိုးကူညီမှုများကို ရပ်တန့်ခြင်းမရှိပါက ကုမ္ပဏီရှယ်ယာများကို ပြန်လည်ရောင်းချရန် အစီရင်ခံစာရေးသားသူများက တောင်းဆိုထားပါသည်။ ပြင်သစ်နိုင်ငံအနေဖြင့် မြန်မာစစ်တပ်နှင့် ဆက်နွယ်သည့် ကုမ္ပဏီများတွင် ပင်စင်ရံပုံငွေအဖွဲ့စည်းက ရင်းနှီးမြှုပ်နှံမှု မရှိစေရန် ဆောင်ရွက်ရမည် ဖြစ်သည်။

အစီရင်ခံစာတွင် ဖော်ပြထားသည့် အချက်အလက်များသည် ဘဏ္ဍာရေးနယ်ပယ်မှ ကုမ္ပဏီများနှင့် ပတ်သက်ပြီး the Duty of Care Law ကို လက်တွေ့အပြည့်အဝ ကျင့်သုံးနိုင်စေရန် ပြင်သစ်နိုင်ငံက

[1] **"ဒေါ်လာဘီလီယံချီတဲ့ သေမင်းတမန်ကုန်သွယ်မှု - မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကိုဖြစ်ပေါ်စေသော နိုင်ငံတကာလက်နက်ကွန်ရက်များ"** မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ်၏ အစီရင်ခံစာ §96 : crp-sr-myanmar-2023-05-17.pdf (ohchr.org)

ဆောင်ရွက်ရန်လိုအပ်မှုနှင့် ကော်ပိုရိတ်ဆိုင်ရာ တင်ကြိုစိစစ်ရေး ညွှန်ကြားချက်ကို လိုက်နာစေရေး အတွက် ဥရောပအဆင့်တွင် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်မှု၏ အရေးပါမှုကို မီးမောင်းထိုး ပြသနေပါသည်။ ပြင်သစ်နိုင်ငံအပါအဝင် နိုင်ငံအများအပြားသည် ကဏ္ဍများကိုကန့်သတ်ရန်နှင့် ဘဏ္ဍာရေး ကဏ္ဍကို ချန်ထားရန် တိုက်တွန်းနှိုးဆော်ညှိနှိုင်းနေကြသည်။ နောက်ဆုံး ဆွေးနွေးညှိနှိုင်းမှု ရလာဒ် ထွက်လာသည့်အထိ ဆွေးနွေးညှိနှိုင်းမှုများကို စဉ်ဆက်မပြတ် စောင့်ကြည့် စုံစမ်းနေရန် လိုအပ် ပါသည်။

**Info Birmanie ၏ ညှိနှိုင်းရေးမှူးက** "အထူးသဖြင့် Crédit Agricole အနေနဲ့ စစ်အုပ်စုဆီ လက်နက်ရောင်းချမှုတွေကြောင့် နော်ဝေအချုပ်အခြာရံပုံငွေ အဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့ Norges Bank Investment Management က ရင်းနှီးမြှုပ်နှံမှုတွေ နုတ်ထွက်ထားတဲ့ အိန္ဒိယစစ်လက်နက် ထုတ်လုပ်ရေးကုမ္ပဏီ Bharat Electronics Limited က ရင်းနှီးမြှုပ်နှံမှုတွေကို ရုတ်သိမ်း နုတ်ထွက်တာ မြန်မြန်တွေ့ချင်ပါတယ်။“ ဟု အလေးထား ပြောကြားခဲ့ပါသည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** “ပြင်သစ်ဘဏ်တွေနဲ့ ပင်စင်ရန်ပုံငွေ အဖွဲ့အစည်းတစ်ခုအနေနဲ့ မြန်မာပြည်သူတွေအပေါ် ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေကို အပြစ်ပေး အရေးယူခံရခြင်း ကင်းလွတ်စွာနဲ့ ကျူးလွန်နေတဲ့ မြန်မာစစ်အုပ်စုနဲ့ စီးပွားရေးဆက်နွှယ်မှုရှိတဲ့ ကုမ္ပဏီတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ ဆက်လုပ်ဆောင်နေတာက လက်ခံ နိုင်ဖွယ်မရှိပါဘူး။ အဲ့ဒီဘဏ်တွေအနေနဲ့ စစ်အုပ်စုကို ပံ့ပိုးကူညီနေတာမျိုးမဖြစ်အောင် အခုချက်ချင်း အရေးယူဆောင်ရွက်ရပါမယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ ဖြစ်တဲ့ ပြင်သစ်နိုင်ငံအနေနဲ့ အိန္ဒိယနိုင်ငံက အပါအဝင် မြန်မာစစ်အုပ်စုဆီ လက်နက်စီးဝင် ရောက်ရှိမှုကို တားဆီးဖို့ ခိုင်ခိုင်မာမာရပ်တည်ဖို့၊ စစ်အုပ်စုထံ ကမ္ဘာလုံးဆိုင်ရာစစ်လက်နက်ရောင်းချမှုပိတ်ပင်ရေး ပြဋ္ဌာန်းနိုင်ရေး တွန်းအားပေးလုပ်ဆောင်ဖို့ တောင်းဆိုပါတယ်” ဟု ပြောကြားခဲ့ပါသည်။

**BankTrack မှ Climate campaigner & researcher ဖြစ်သူ Henrieke Butijn က** “လွန်ခဲ့တဲ့ နှစ်နှစ်လောက်က သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေအကြောင်း ဖော်ထုတ်ပြီးနောက်မှာတောင် ဒီဘဏ်တွေ ဟာ မြန်မာစစ်အုပ်စုနဲ့ ဆက်နွှယ်နေတဲ့ ကုမ္ပဏီတွေနဲ့ အဆက်အသွယ်ဖြတ်ဖို့ လုံလောက်တဲ့ အရေးယူမှု မလုပ်သေးတာ ဒေါသထွက်စရာပါပဲ။ ဒီနှစ်နှစ်တာအတွင်းမှာ စစ်အုပ်စုက ပြည်သူတွေ

အပေါ် အကြမ်းဖက်ဖို့အတွက် ရုပ်ကြွင်းလောင်စာတွေက ရရှိတဲ့ အခွန်ဝင်ငွေတွေနဲ့ Bharat Electronics တို့လို ကုမ္ပဏီတွေထံက ထုတ်ကုန်တွေကို အသုံးပြုခွင့် ရရှိခဲ့တာ ဖြစ်ပါတယ်။ ပြင်သစ်ဘဏ္ဍာရေးအဖွဲ့အစည်း ၅ ခုအနေနဲ့ ၎င်းတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ပတ်သက်ပြီး အရေးယူဆောင်ရွက်ဖွယ်တွေကို လုပ်ဆောင်ဖို့ပျက်ကွက်ခြင်းဟာ OECD နဲ့ UNGPs လမ်းညွှန်ချက်တွေကို ချိုးဖောက်ရုံသာမက၊ မြန်မာပြည်သူတွေအပေါ်သစ္စာဖောက်နေကြတာ ဖြစ်ပါတယ်”ဟု ပြောကြားခဲ့ပါသည်။

**သတင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ ဆက်သွယ်ရန် -**

BankTrack: henrieke@banktrack.org

Info Birmanie: coordination@info-birmanie.org + 33 7 62 80 61 33 (signal)

Justice For Myanmar: media@justiceformyanmar.org

*With the support of :*